## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ (၁၄. ၇. ၂၀၁၆) ရက်နေ့တွင် တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဝင်းဟန် တင်သွင်းသည့် အဆိုဆိုင်ရာ ဆောင်ရွက်ချက်များ

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၀)ဖြစ်ပါတယ်။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တပ်မတော်သား ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဝင်းဟန်က အဆိုတစ်ရပ်အား လွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုမှာ ၁၂-၇-၂၀၁၆ ရက်နေ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်အရ ရပ်စောက် မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ဗထူးတပ်နယ်ရှိ မဲရုံအမှတ် (၁)နှင့် (၂)တို့မှ စစ်မှုထမ်း၊ မှီခိုသူ မိသားစုတို့မှ အရပ်သားဝန်ထမ်း နှင့် သင်တန်းသားများ၏ မဲရလဒ်များအား ပယ်ဖျက်ခဲ့ခြင်းအပေါ် ကန့်ကွက်ကြောင်း အဆိုဖြစ်ပါတယ်။ ယခုအဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးဝင်းဟန်၊ တပ်မတော်သားကိုယ်စားလှယ်။** အားလုံးပဲမင်္ဂလာပါ။ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးသို့ တက်ရောက်လာသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာ အပေါင်းနှင့် ပြည့်စုံကြပါစေလို့ ပထမဦးစွာ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သားပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင် အမှတ်ကြည်း-၂၅၃၀၃ ဗိုလ်မှူးဝင်းဟန် ဖြစ်ပါတယ်။

ကျွန်တော် ဒီနေ့တင်သွင်းသည့် အရေးကြီးအဆိုကတော့ ၁၂-၇-၂၀၁၆ ရက်နေ့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်အရ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)ဗထူးတပ်နယ်ရှိ မဲရုံအမှတ် (၁)နှင့်(၂)တို့မှ သန္ဓေစစ်မှုထမ်းများ၊ မှီခိုသူအိမ်ထောင်စု ဝင်များ၊ အရပ်သားဝန်ထမ်းများနှင့် သင်တန်းသား များ၏ မဲလက်မှတ်များအားလုံးကို ပယ်ဖျက်ခဲ့ခြင်းအပေါ် ကန့်ကွက်ကြောင်း အရေးကြီးအဆိုကို တင်သွင်း သွားမှာဖြစ် ပါတယ်။

၁၂-၇-၂၀၁၆ ရက်နေ့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ခုံရုံး၊ နေပြည်တော်၌ ကျင်းပပြုလုပ်သည့် ရပ်စောက် မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ညွန့် အယူခံ ဝင်ခဲ့သည့်အပေါ် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်အရ ဗထူးတပ်နယ် မဲရုံ အမှတ် (၁)နှင့် မဲရုံအမှတ်(၂)တို့၏ မဲပေးခဲ့သည့် မဲအရေအတွက်အားလုံးကို ပယ်ဖျက်ခဲ့သည့်အတွက် ရှုံးနိမ့်ခဲ့ရသည်ဟု သိရှိခဲ့ရပါတယ်။

ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)တွင် မဲရုံ (၄၂) ရုံရှိပြီး ဗထူးတပ်နယ်တွင် မဲရုံ (၄) ရုံရှိပါတယ်။ မဲရုံအမှတ် (၁)မှာ အထက ဗထူးစာသင်ကျောင်းခန်းမ၊ မဲရုံအမှတ် (၂)မှာ အထက ခွဲ အလက(၂)၊ မဲရုံအမှတ် (၃)မှာ အထက(၁)ဗထူးကျောင်းဆောင် သစ်၊ မဲရုံအမှတ် (၄)မှာ ဗထူးတပ်နယ် ဓမ္မာရုံတို့မှာရပ်စောက် မြို့နယ်ကော်မရှင်မှ သတ်မှတ်ဖွင့်လှစ်ပေးခဲ့ပါတယ်။ မဲရုံအမှတ်(၁) ဖြစ်သည့် အထက(၁)ဗထူးခန်းမတွင် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း ဗထူးမှသန္ဓေစစ်မှုထမ်း (၄၁၈) ဦး၊ မှီခိုသူ (၃၁၀)ဦး၊ အရပ်သား ဝန်ထမ်း (၄၇) ဦး၊ သင်တန်းသား (၇၆၃) ဦး၊ စုစုပေါင်း (၁၅၃၈) ဦး၊ တပ်မတော် (ကြည်း) ဗိုလ်သင်တန်း ကျောင်းမှ သန္ဓေစစ်သည် စစ်မှုထမ်း (၂၈၁) ဦး၊ မှီခိုသူ (၃၆၇) ဦး၊ အရပ်သား ဝန်ထမ်း (၁၈) ဦး၊ သင်တန်းသား (၂၃၂) ဦး၊ စုစုပေါင်း (၈၉၈)ဦး၊ မဲရုံ အမှတ် (၁)မှာ စုစုပေါင်း (၂၄၃၆)ဦး မဲပေးခဲ့ပါတယ်။ မဲရုံအမှတ်(၂) ဖြစ်သည့် အထကခွဲအလက(၂)မှာ အမှတ် (၁)အရာခံနှင့် အကြပ်ကြီးသင်ကျောင်းမှ သန္ဓေစစ်မှုထမ်း(၂၈၅) ဦး၊ မှီခိုသူ (၂၈၉) ဦး၊ အရပ်သားဝန်ထမ်း (၁၆)ဦး၊ သင်တန်းသား (၂၁၇၁)ဦး စုစုပေါင်း (၂၇၆၁)ဦး မဲပေးခဲ့ပါတယ်။

မဲရုံ အမှတ် (၁)နှင့် (၂)တို့တွင် မဲပေးခဲ့ရသည့်ပါတီများမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ဖယ်ဒရယ်ပြည်ထောင်စုပါတီ၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်၊ ဓနုတိုင်းရင်းသားများလူမျိုးရေးဒီမိုကရေစီပါတီ၊ တစ်သီးပုဂ္ဂလတို့ဖြစ်ပြီး မိမိတို့အနေဖြင့် မဲဆန္ဒရှင်များ၏ သဘောဆန္ဒအတိုင်းမဲပေးခဲ့ခြင်းသာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဗထူး တပ်နယ်မဲရုံအမှတ်(၁)နှင့်(၂)တို့တွင် ဆန္ဒမဲပေးခွင့်မရှိသူများပါဝင်သည်ဟု အပေါ်ယံသုံးသပ်ပြီး ဗထူးတပ်နယ်မဲရုံအမှတ် (၁)နှင့် (၂)တို့တွင် ကျင်းပသောရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတသောမရှိသော ရွေးကောက်ပွဲမဟုတ်သဖြင့်ဟုသုံးသပ်ကာ ယင်းဗထူးတပ်နယ်မဲရုံအမှတ်(၁)နှင့်(၂)တို့မှ လျှောက်ထားသဦးခိုင်ညီညီကျော်နှင့် လျှောက်ထားခံရသူ ဦးအောင်ကျော်ညွန့်တို့၏ ခိုင်လုံမဲရလဒ်များ အားလုံးကိုပယ်ဖျက်သင့်သည်ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ခုံအဖွဲ့မှ တညီတညွတ်တည်း သုံးသပ်မှတ်ယူ၍ ဗထူးတပ်နယ် မဲရုံအမှတ် (၁)နှင့် (၂)တို့တွင် လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့၏ မဲရလဒ်များ အားလုံးကို ပယ်ဖျက်ခဲ့ပါတယ်။ ယခုလို မဲရလဒ်များအားလုံးကို ပယ်ဖျက်ခဲ့သည့်အတွက် ရွေးကောက်ပွဲကော်မရှင် နည်းဥပဒေနှင့် ကိုက်ညီမှုမရှိနိုင်ဟုယူဆပါတယ်။

သင်တန်းသားများကို ဆန္ဒမဲပေးရာတွင် တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော် နည်းဥပဒေ ၅၉၊ အပိုဒ်ခွဲ (ခ)၊ အပိုဒ်ခွဲငယ်(၂)အရ မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင် များအား ၎င်းတို့ရောက်ရှိနေသော မဲဆန္ဒနယ်တွင် ရွေးကောက်ခံသော လွှတ်တော်ကိုယ်စားလှယ်လောင်းကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိစေရန် ရွေးကောက်ပွဲ မကျင်းပမီ ကြိုတင်ဆန္ဒမဲ လက်မှတ်ဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် သက်ဆိုင်ရာမဲရုံသို့ကိုယ်တိုင်သွားရောက်၍ ဆန္ဒမဲပေး ခြင်းဖြင့်သော်လည်းကောင်း ဆန္ဒမဲပေးခွင့်ပြုရမည်ဟု ဖော်ပြပါရှိ ပါတယ်။ ဒါကြောင့် အဆိုပါ နည်းဥပဒေအရ သင်တန်းသားများကို မဲပေးစေခဲ့ခြင်းသာဖြစ်ပါတယ်။

လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကိုယ်တိုင်လည်း ဗထူးတပ်မြို့ တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်းမှာ တာဝန်ထမ်းဆောင်နေသူဖြစ်ပါတယ်။ ဗထူးတပ်နယ်မဲရုံအမှတ် (၁)နှင့်(၂)တို့တွင် ဆန္ဒမဲပေးခဲ့သော မဲဆန္ဒရှင်များမှာ သင်တန်းသားများသာမကပဲ သန္ဓေဝင်တပ်မတော်သားများ၊ အိမ်ထောင်စုဝင် မိသားစုများ၊ အရပ်သား ဝန်ထမ်းများ မဲပေးခဲ့သော မဲများလည်း အားလုံးပါဝင်ပါတယ်။

သို့ဖြစ်၍ ၎င်းမဲများအားလုံးကို ပယ်ဖျက်လိုက်ခြင်းသည် မိမိတို့၏ ဆန္ဒမဲပေးသူများအား မျက်ကွယ်ပြုသကဲ့သို့ဖြစ်နေပြီး မိမိတို့ပေးခဲ့သော အသည်းကြားမှ မဲတစ်ပြားသည် တန်ဖိုးမရှိသကဲ့သို့ဖြစ်ခဲ့ ရပါတယ်။ နိုင်ငံသားတန်းတူအခွင့်အရေး ဆုံးရှုံးခဲ့ရသည်ဟု ကျွန်တော်အနေဖြင့်လည်း ထင်မြင်ယူဆခဲ့ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲ ခုံအဖွဲ့မှ ဆုံးဖြတ်ချက်အရ မဲရုံအမှတ်(၁)နှင့်(၂) တို့တွင် မဲပေးခွင့်မရှိဟု ယူဆထားသော သင်တန်းသားစုစုပေါင်း အရေအတွက် မည်၍မည်မျှကို သေချာစွာ မစိစစ်ပဲဆန္ဒမဲအားလုံးကို ပယ်ဖျက်လိုက်ခြင်းသည် တပ်မတော်သားနှင့် အိမ်ထောင်စုဝင် မိသားစုများ၊ အရပ်သားဝန်ထမ်းများ၏ နိုင်ငံသားအခွင့်အရေး ဆုံးရှုံးသွားခြင်းဟု ထင်မြင်ယူဆမိပါတယ်။ ယခုကဲ့သို့ တင်ပြနေခြင်းမှာ မည်သည့်ပါတီဘက်ကလိုက်ပါ၍ ရည်ညွှန်းပြောဆိုခြင်း မဟုတ်ဘဲ ကျွန်တော်တို့ တပ်မတော်သားများ၊ အိမ်ထောင်စုဝင် မိသားစုများနှင့် အရပ်သားဝန်ထမ်းများ၏ မဲပေးခွင့်ဆုံးရှုံးရခြင်းမျိုး မဖြစ်စေရေးအတွက် တင်ပြရခြင်းဖြစ်ပါတယ်။ မိမိတို့သည်လည်း နိုင်ငံသားများဖြစ်သည်နှင့်အညီ မြို့နယ်ရွေးကောက်ပွဲကော်မရှင်မှ မဲပေးခွင့်အား တရားဝင် ခွင့်ပြုထားသူများဖြစ်၍ ကျွန်တော်တို့၏မဲရလဒ်များအား ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ ယခုလို သေချာစွာစိစစ်ခြင်းမရှိပဲ ပယ်ဖျက်လိုက်ခြင်းသည် ပြည်နယ်လွှတ်တော်မှ တစ်ဆင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ လေးလေးနက်နက် ကန့်ကွက်ပေးရန် တိုက်တွန်းကြောင်း အဆိုကိုတင်သွင်းခြင်း ဖြစ်ပါတယ်။ အားလုံးပဲ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီအဆိုကို ဖြည့်စွက်ဆွေးနွေးဖို့ရှိလျှင် ဖြည့်စွက်ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေ ဖြစ်ပါတယ်။ ကျွန်တော်အနေဖြင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဝင်းဟန် တင်သွင်းသည့် ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအောင်ကျော်ညွန့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းသည် ပျက်ပြယ်ကြောင်း ဆုံးဖြတ်ချက်ကို ကန့်ကွက်ကြောင်း အဆိုအား လေးလေးနက်နက်ထောက်ခံ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမှာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တို့သည် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကို ကျင်းပနိုင်ခဲ့ကြောင်း နိုင်ငံတကာစောင့်ကြည့်လေ့လာသူများနှင့် ပြည်တွင်းစောင့်ကြည့် လေ့လာသူများက အသိအမှတ်ပြုထောက်ခံခဲ့ပြီးဖြစ်ပါတယ်။ ထို့အတူ ရပ်စောက်မြို့နယ်အတွင်း ကျင်းပခဲ့သည့် ရွေးကောက်ပွဲများကိုလည်း စောင့်ကြည့်လေ့လာသူများက လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ မဟုတ်ကြောင်း မည်သူကမျှ မည်သည့်အဖွဲ့အစည်းကမျှ ထောက်ပြကန့်ကွက်ခဲ့ဖူးခြင်းမရှိခဲ့ပါ။

အဆိုတင်သွင်းခဲ့သကဲ့သို့ ဗထူးမဲရုံအမှတ် (၁)နှင့် အမှတ် (၂)တို့တွင် ပါဝင်သော မဲစာရင်းများကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၊ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲတို့က ဥပဒေနှင့်အညီ အကြိမ်ကြိမ် ထုတ်ပြန်ကြေညာခဲ့ပါလျက် ကန့်ကွက်လျှောက်ထားသူသည် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေအပိုဒ် ၁၁(က)အရ မဲစာရင်းများကို ထုတ်ပြန်ကြေညာပြီးသည့်နေ့မှ (၇)ရက်အတွင်း သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲသို့ ကန့်ကွက် တင်သွင်းနိုင်ပါလျက် မတင်သွင်းခဲ့ခြင်းသည် လျှောက်ထားသူ၏ ချို့ယွင်းချက် ဖြစ်သည်လို့ထင်ပါတယ်။ လျှောက်ထားသူ ချို့ယွင်းချက်ကြောင့် မဲစာရင်းများကို အတည်ပြုကြေညာ၍ မဲဆန္ဒပေးသည့်နေ့မှ အဆိုပါ မဲစာရင်း များအား တရားမျှတမှုမရှိဟု ကန့်ကွက်ခြင်းသည်ဥပဒေနှင့် မညီသည့်အပြင် ယင်းဥပဒေနှင့် မညီသည်ကို အလေးထား ဆုံးဖြတ် ခဲ့သော ခုံအဖွဲ့မှာလည်း ပြဋ္ဌာန်းဥပဒေများကို လိုက်နာရန် ပျက်ကွက်ပြီး ဖြစ်ပါတယ်။

သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲအသီးသီးမှ ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားများ၏ မဲပေးပိုင်ခွင့် အခွင့်အရေးကို ဆုံးရှုံးခြင်းမရှိစေရန်အတွက် ဆောင်ရွက်ပေးခြင်း သည် အခြေခံဥပဒေ၏ အနှစ်သာရကို ဖော်ဆောင်ပေးခြင်းဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ တည်ဆဲဥပဒေ တစ်ရပ်ရပ်ကို ဆန့်ကျင်လျှင် သို့မဟုတ် မညီညွတ်ဖြစ်နေလျှင် ဖွဲ့စည်းပုံအခြေခံကိုသာ လိုက်နာဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲ၏ ဆောင်ရွက်ချက်များအား နည်းဥပဒေများအရ လိုက်နာရမည့်အချက်များကို အားနည်းမှုရှိခဲ့သည့်တိုင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ မဲပေးပိုင်ခွင့် အခွင့်အရေးကို ဆောင်ရွက်ပေးခြင်းဖြစ်သဖြင့် ဥပဒေနှင့်ညီညွတ်မှုရှိနေပါတယ်။

ရွေးကောက်ပွဲခုံရုံးအဖွဲ့ (၁)၏ သုံးသပ်ချက်သည် အကြောင်းအရာနှင့် ဥပဒေကြောင်းအရ လုံးဝမှားယွင်းနေကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ ရပ်စောက်မြို့နယ် ရှမ်းပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် (၁)မှ ရွေးချယ်ခံထားရသည့် ဦးအောင်ကျော်ညွန့်အား ကန့်ကွက်ချက်ကို ဥပဒေနှင့်မညီ အဆုံးဖြတ်ပေးခဲ့သော ရွေးကောက်ပွဲခုံအဖွဲ့ (၁)နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အဆိုပါ စီရင်ချက်ကို ကန့်ကွက်ပါကြောင်း အဆိုအား အပြည့်အဝထောက်ခံကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဖြည့်စွက်ဆွေးနွေးမည့် ဦးစိုင်းအောင်ခမ်း က ဖြည့်စွက်ဆွေးနွေးပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းအောင်ခမ်း၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** အားလုံးမင်္ဂလာပါ။ ဒီကနေ့ အစည်းအဝေးကိုတက်ရောက် လာကြသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အစိုးရအဖွဲ့ဝင် များအားလုံး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်း နှင့်ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးတွင် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဝင်းဟန် တင်သွင်းသွားသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ စီရင်ချက်ကို ကန့်ကွက်သည့်အဆိုအား ထောက်ခံပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်းဖြစ်ပါတယ်။ ကျွန်တော်အနေဖြင့် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဝင်းဟန် တင်သွင်းသွားသည့် ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ညွန့်အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခဲ့ခြင်းသည် ပျက်ပြယ်ကြောင်း ဆုံးဖြတ်ချက်ကို ကန့်ကွက်ကြောင်း အဆိုအား အလေးအနက် ထောက်ခံဆွေးနွေးလိုပါတယ်။

ဗထူးရပ်ကွက် မဲရုံအမှတ် (၁)နှင့် (၂) တို့၏ မဲစာရင်းများကို ရပ်/ကျေးကော်မရှင်၊ မြို့နယ်ကော်မရှင်တို့သည် ဥပဒေနှင့်အညီ သက်ဆိုင်ရာတပ်မှူး၏ အကူအညီဖြင့်ပြုစု၍ ဥပဒေနှင့်အညီ ကြေညာခဲ့ပြီးနောက် ဥပဒေနှင့်အညီ ရွေးကောက်ပွဲကို ကျင်းပခဲ့၍ မဲဆန္ဒရှင် တပ်မတော်သားများနှင့် မှီခိုသူများမှလည်း ဥပဒေနှင့်အညီ မိမိဆန္ဒအတိုင်း လွတ်လပ်စွာမဲပေးခဲ့ကြပြီး မဲရုံမှူးနှင့် အဖွဲ့ဝင်များကလည်း ဥပဒေနှင့်အညီ စိစစ်ရေတွက်၍ သတ်မှတ်ပုံစံများဖြင့် ပြုစုပြီး သက်ဆိုင်ရာကို တင်ပြ၍ သက်ဆိုင်ရာမှလည်း ဥပဒေနှင့်အညီ ရရှိမဲများကို အဆင့်ဆင့်တင်ပြ၍ ဥပဒေနှင့်အညီ ကြေညာခဲ့ပြီးဖြစ်ပါလျက် ဥပဒေနှင့်မညီသော သတ်မှတ်ရက်ထက် ကျော်လွန်ပြီးမှ မဲစာရင်းများသည် တရားမျှတမှုမရှိဟု အကြောင်းပြခြင်းမှာ ဥပဒေနှင့်မညီ၍ ကန့်ကွက်ခြင်းဖြစ်ပါတယ်။ ၎င်းကိုရွေးကောက်ပွဲခုံရုံးအဖွဲ့က ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က မဲဆန္ဒပေးခဲ့သူ တပ်မတော်သားများနှင့် မိသားစုများ၏ ဆန္ဒကို မျက်ကွယ်ပြု၍ အဆိုပါမဲရုံများမှ ခိုင်လုံမဲများကို ပယ်ဖျက် သင့်သည်ဟုဆုံးဖြတ်ခြင်းသည် ဥပဒေ၏အထက်မှနေ၍ လိုတစ်မျိုး မလိုတစ်မျိုး ဆုံးဖြတ်ခဲ့ခြင်းသာ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်မဲဆန္ဒနယ်အမှတ် (၁)၏ ဗထူးရပ်ကွက် မဲရုံအမှတ်(၁)နှင့်(၂)တို့၏ ဆန္ဒပြုမဲများအနက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်အမှတ် (၁)မှ မဲများကို တရားမျှတမှုမရှိ၍ ပျက်ပြယ်ကြောင်း ဆုံးဖြတ်ခဲ့ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကမူ အဆိုပါ ဗထူးရပ်ကွက် မဲရုံအမှတ် (၁) နှင့်(၂)တို့မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏ ခိုင်လုံမဲများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၏ ခိုင်လုံမဲများ၊ ဗမာ တိုင်းရင်းသားကိုယ်စားလှယ်၏ ခိုင်လုံမဲများကို ပယ်ဖျက်ခြင်းမပြုပဲ အတည်ပြုကြေညာခဲ့ပြီးဖြစ်ခြင်းကြောင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် ရှေ့နောက်ညီညွတ်မှု မရှိသော တစ်နည်းအားဖြင့် လိုတစ်မျိုး မလိုတစ်မျိုး ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဗထူးမဲရုံအမှတ်(၁)နှင့်(၂)တို့၏ ခိုင်လုံမဲများကို ပယ်ဖျက်၍ ကန့်ကွက်သူအား အနိုင်ပေးခြင်းသည် ရွေးကောက်ပွဲ ခုံရုံးအဖွဲ့ (၁)အနေဖြင့်လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့်လည်းကောင်း ပြဋ္ဌာန်းဥပဒေများနှင့် ညီညွတ်မှု မရှိစွာ ဆုံးဖြတ်ခဲ့ခြင်းအား ကန့်ကွက်ကြောင်း အဆိုကို အလေးအနက် ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးခင်မောင်တင့်၊ တာချီလိတ်မြို့နယ် မဲဆန္ဒနယ် အမှတ် (၂)။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် အားလုံးကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တာချီလိတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးခင်မောင်တင့် ဖြစ်ပါတယ်။

ကျွန်တော်အနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ ကြော်ငြာချက် ၁၂-၇-၂၀၁၆ ရက်နေ့ မဲဆန္ဒနယ်အမှတ် (၁) ဗထူးတပ်နယ် မဲရုံအမှတ် (၁)နှင့် အမှတ်(၂)စစ်မှုထမ်း၊ မှီခိုသူမိသားစု၊ အရပ်သား ဝန်ထမ်းနှင့် သင်တန်းသားများ၏ မဲရလဒ်များ ပယ်ဖျက်ခြင်းအပေါ် ကန့်ကွက်ကြောင်း အဆိုပေါ်မှာ ကျွန်တော် အနေဖြင့် ဆွေးနွေးချင်တာကတော့ ဗထူးမဲရုံမှာရှိသည့် အမှတ်(၁)နှင့် အမှတ်(၂)မှာ တပ်မတော်သား ကိုယ်စားလှယ် များက ရက်ပေါင်း (၁၈၀) မပြည့်သည့်အတွက် မဲပေးခွင့်ဆုံးရှုံးတယ်လို့ပဲမြင်ပါတယ်။ နောက်တစ်ချက်ကတော့ ပြည်နယ် လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ (၇၀) အရ လွတ်လပ်၍ တရားမျှတ သော ရွေးကောက်ပွဲမဟုတ်ကြောင်း ပေါ်လွင်ထင်ရှားလျှင် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှရွေးကောက် တင်မြှောက်ခြင်းသည် ပယ်ဖျက်ကြောင်း ဆုံးဖြတ်နိုင်သည်ဆိုတာမျိုးရှိပါတယ်။ ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၀(က)တွင် လွတ်လပ်၍ တရားမျှတ သော ရွေးကောက်ပွဲမဟုတ်ကြောင်း ပေါ်လွင်ထင်ရှားလျှင် လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းနှင့် ပယ်ဖျက်ခြင်းအကြောင်းကို ခုံရုံးအဖွဲ့မှ ဆုံးဖြတ် နိုင်တယ်လို့ သတ်မှတ်ပြီးလည်းဖြစ်ပါတယ်။ ရွေးကောက်ပွဲဥပဒေပုဒ်မ (၆၈)တွင် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးသည် မိမိကန့်ကွက်လာလျှင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံ ရသူအား ကန့်ကွက်ရာ၌ မိမိသာလျှင် မဲအများဆုံးရ၍ရွေးကောက် တင်မြှောက်ခံရသူဖြစ်သည်ဟု ကြော်ငြာစေရန် တောင်းဆိုလိုပါက အောက်ပါအကြောင်းပြချက်တစ်ရပ်ကို အခြေခံရမည်-

(၁) လျှောက်ထားသူသာလျှင် ခိုင်လုံမဲအများဆုံး ရသည်မှာအမှန်ဖြစ်သည်ဟူသောအကြောင်းပြချက်။

(၂) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက် တင်မြှောက်ခံရသူ ရရှိသောမဲများတွင် တရားမဲ့ပြုကျင့်မှုကြောင့် ရရှိသောမဲများမပါရှိသော်လည်း လျှောက်ထားသူသည်သာ ခိုင်လုံမဲအများဆုံး ရရှိထားသည်ဟူသော အကြောင်းပြချက်။

အယူခံလွှာ လျှောက်ခွင့်သည်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၈ (ခ)နှင့်အညီ ကန့်ကွက်လွှာ တင်သွင်းခြင်း ဖြစ်ကြောင်း တွေ့ရှိရ၍ မူလရုံးတော် လျှောက်ထားသူ/ခံယူထားသူ ဦးခိုင်ညီညီကျော်အား လွှတ်တော် ကိုယ်စားလှယ်အဖြစ် ကြော်ငြာပေးသည့် အမိန့် ချမှတ်ခြင်းမှာ ဥပဒေနှင့်အညီ မှားယွင်းသည်ဟု ဆိုနိုင်မည် မဟုတ်ပေ။ မူလခုံရုံးအဖွဲ့ (၁) ရွေးကောက်ပွဲနှင့်ပတ်သက်၍ ခုံရုံးအဖြစ် ပြောင်းလဲလာသော ပြည်ထောင်စု ရှေ့နေရုံးချုပ်၊ ဒုတိယ ညွှန်ကြားရေးမှူးရုံးက မူလခုံရုံးအဖွဲ့၏ ဆုံးဖြတ်ချက်မှာ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများနှင့်အညီ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်ဟု သုံးသပ်ရရှိ၍ အယူခံလျှောက်ထားသူ ဦးခိုင်ညီညီကျော်အား အနိုင်ပေးခြင်းဖြစ်သည်ဟု ကျွန်တော်အနေဖြင့် သုံးသပ်မိပါတယ်။

ပြန်လည်အယူခံရာတွင် ရွေးကောက်ပွဲ နည်းဥပဒေအရ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှာလည်း မူလခုံရုံးအဖွဲ့၏ ဆုံးဖြတ်ချက်သည် ဥပဒေနှင့်အညီ ဆုံးဖြတ်ထားသည်ဟု အကြံပြုတင်သွင်းလိုပါတယ်။ အယူခံ တင်သွင်းမှုများတွင် ဥပဒေနှင့် မညီညွတ်သည့် အချက်မတွေ့ရှိရသောကြောင့် စုံညီခုံရုံးမှ မူလဆုံးဖြတ်ချက် များကို အတည်ဖြစ်သည်ဟု ဆုံးဖြတ်ထားပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပုဒ်မ ၂၉၅(ဂ)တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီရင်ချက်များသည် အမှုအားလုံးတွင် အပြီးသတ်ဖြစ်၍ အယူခံ

ဝင်ခွင့်မရှိစေရဟုပါရှိသည့်အတွက် ၎င်းအဆိုအား ရုပ်သိမ်းပေးနိုင်ပါရန် လျှောက်ထားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဒီအဆိုကို လွှတ်တော်ဆန္ဒခံယူခြင်း မဟုတ်ပါဘူး။ ဆက်လက်ပြီး အဆိုနှင့်စပ်လျဉ်းပြီး ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌမှ ရှင်းလင်းဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစဝ်အောင်မြတ်၊ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ။** အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် ရွာငံမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစဝ်အောင်မြတ်ဖြစ်ပါတယ်။ ကျွန်တော်အနေဖြင့် လွှတ်တော်ဥပဒေပြုရေးဆိုင်ရာကော်မတီအနေဖြင့်လည်း တာဝန်ယူထားရတာဖြစ်သည့်အတွက် အချက် ၅ ချက်ပဲ သုံးသပ်တင်ပြလိုပါတယ်။

ပထမတစ်ချက်ကတော့ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၇၁ အရ ဗထူးမဲရုံ အမှတ် (၁)နှင့် (၂)၏ မဲစာရင်းပယ်ဖျက်ခြင်းမှာ ၎င်းမဲရုံများ တည်ရှိရာ ဒေသအတွင်း လူမှုရေးအဓိကရုဏ်းဖြစ်ပေါ်ခြင်း၊ သောင်းကျန်းသူများနှင့် ပစ်ခတ်မှုဖြစ်ပွား၍ မငြိမ်းချမ်းခြင်း၊ တရားဥပဒေစိုးမိုးမှုမရှိသော အနက်ရောင် နယ်မြေဖြစ်ခြင်းများမရှိခဲ့တာကို ပထမအချက်အနေဖြင့် သုံးသပ်တင်ပြလိုပါတယ်။

နံပါတ်နှစ်အချက်ကတော့ လွှတ်တော်ကိုယ်စားလှယ် အနေဖြင့် ကိုယ်ကျင့်သိက္ခာပျက်ပြားခြင်း၊ နိုင်ငံတော်၏ ကျေးဇူး သစ္စာကို ဖောက်ဖျက်ခြင်း၊ မတရားပြုကျင့်ခြင်း၊ ရွေးကောက်ပွဲဥပဒေအရ ငြိစွန်းခြင်း လုံးဝမရှိခဲ့ခြင်းများကိုလည်း စိစစ်တွေ့ရှိရ၍ သက်ဆိုင်ရာ ရွေးကောက်ပွဲ ကော်မရှင် အဆင့်ဆင့်နှင့် ဆက်စပ်သူများ၏ အားနည်းချက်၊ အားသာချက်များကိုသာ စဉ်းစားရမှာဖြစ်တယ်။ မဲစာရင်းများ စိစစ်ရာတွင်လည်း ပြဿနာဖြစ်ရခြင်း၏ အခြေခံ ဖြစ်သည်ဟု သုံးသပ်တွေ့ရှိရ ပါတယ်။ အပိုဒ် (၃)အနေဖြင့် ဗထူး တပ်နယ်တပ်မိသားစုများသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ကိုယ်တိုင်ရွေးချယ်ခံခွင့်၊ ကိုယ်တိုင်မဲပေးခွင့်နှင့် ကိုယ်တိုင်မဲပေးပိုင်ခွင့်ဆိုသည့် ပုဒ်မ ၃၈ (က)နှင့် အများပိုင်ဆောင်ရွက်ခွင့်များကိုလည်း ထိခိုက် ပျက်ပြား စေသည်ဟု သုံးသပ်တွေ့ရှိရပါတယ်။

နံပါတ်လေး အချက်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၄၃)မည်သည့်ပြစ်မှုဆိုင်ရာဥပဒေမျှ နောက်ကြောင်းပြန် အာဏာသက်ရောက်စေရန် ပြဋ္ဌာန်းခွင့်မရှိစေရဟုဖော်ပြပါရှိ၍ ယခင်ရွေးကောက်ပွဲ ကော်မရှင်၏ ဆောင်ရွက်မှုကို ယခုရွေးကောက်ပွဲ ကော်မရှင်မှာ ပျက်ပြယ်စေခြင်းမှာလည်း မဖြစ်သင့်ပါဘူး။ သို့ဖြစ်ပါ၍ နိုင်ငံတော်သမ္မတ၏ ပထမဆုံး နိုင်ငံတော် အခြေပြမိန့်ခွန်းမှာပါသည့် အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတည်ထောင်ရေး မူဝါဒများနှင့်အညီ နိုင်ငံတော်၏ အဆင့်အမြင့်ဆုံးအဖွဲ့အစည်းသို့ တင်ပြလိုကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ် တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးဝင်းဟန်က လွှတ်တော်ကို အဆိုပြုတင်ပြခြင်းဖြစ်ပါတယ်။ တပ်မတော်သားနှင့် ၎င်းတို့၏ မိသားစုဝင်များ ဖြစ်ကြသည့် ပြည်သူတို့၏အသံ၊ ပြည်သူတို့၏ဆန္ဒ၊ ပြည်သူတို့၏ ခံစားချက်ကို ယခုလို လွှတ်တော်အစည်းအဝေးသို့ ရောက်ရှိလာအောင် တင်ပြခြင်းသာဖြစ်ပါတယ်။ လွှတ်တော် အစည်းအဝေးတွင် ဆွေးနွေးချက်များအရလည်းကောင်း၊ အခြေအနေတစ်ရပ်ရပ် အားလည်းကောင်း၊ နိုင်ငံတော်သမ္မတထံ တင်ပြသင့်သော အခြားကိစ္စရပ်များ ပေါ်ပေါက်လာပါက လွှတ်တော်ဥက္ကဋ္ဌသည် သဝဏ်လွှာပေးပို့နိုင်ကြောင်း မိမိအနေဖြင့် သိရှိထားပါတယ်။ ဒါကြောင့် ဒီအဆိုကို လွှတ်တော်က မှတ်တမ်းတင်ထားမှာဖြစ်ပြီး ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၆၀၊ ပုဒ်မခွဲ (ခ)အရ ရှမ်းပြည်နယ်လွှတ်တော်၏ ကိုယ်စား၊ လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံ သဝဏ်လွှာပေးပို့သွားမှာ ဖြစ်ကြောင်း လွှတ်တော်ကို အသိပေးကြေညာပါတယ်။